ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

## သတင်းထုတ်ပြန်ချက်

## (၅ / ၂၀၁၃)

ရက်စွဲ - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်

၁။ ပြည်တွင်းမှနိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) တို့သည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ရင်းနှီးပွင့်လင်းစွာဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂။ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်တွင်းနိုင်ငံရေးပါတီများဖြစ်ကြသော အမျိုးသားဒီမိုကရေစီအင်အားစု၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး၊ UNFC ဘက်မှ ဗဟိုကောင်စီဝင်များ၊ မဟာမိတ်အဖွဲ့အစည်းများမှ ခေါင်းဆောင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

၃။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်သူနှစ်ဖက်ကိုယ်စားလှယ်များအကြား အမြင်ဖလှယ်ခြင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေအရပ်ရပ်တို့အပေါ် မေးမြန်းသုံးသပ် ဆွေးနွေးကြခြင်းနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးကြိုးပမ်းမှုတို့အား ပွင့်ပွင့်လင်းလင်း ချစ်ခင်ရင်းနှီးစွာဖြင့် ဆွေးနွေးခဲ့ကြပါသည်။

၄။ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးပွဲသည် နှစ်ပေါင်း(၆၀)ကျော်ကြာဖြစ်ပွားနေသော ပြည်တွင်းစစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံပြဿနာရပ်များကို အဖြေရှာရေးတွင် အထောက်အကူပြုသည့် လုပ်ဆောင်မှုတခု ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်စဉ်လုပ်ငန်းအဆင့်ဆင့်တွင် ဆက်လက်ပြီး ဆက်စပ်လုပ်ကိုင်ဆောင်ရွက်ကြရန် ဆန္ဒသဘောထားများ အခိုင်အမာထားရှိခဲ့ကြပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**<u>ဆက်သွယ်ရန်</u>**

၁။ ပဒိုဒေးဗစ်သာကပေါ - ဒုတိယဥက္ကဋ္ဌ (၂)၊ UNFC ဖုန်း = +၆၆(၀)၉၀ ၄၅၆ ၇၀၉၅

၂။ နိုင်ဟံသာ - အထွေထွေအတွင်းရေးမှူး၊ UNFC ဖုန်း = +၆၆(၀)၈၀ ၅၀၃ ၀၈၄၉

၃။ ဗိုလ်မှူးကြီးခွန်ဥက္ကာ - တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဖုန်း = +၆၆(၀)၈၁ ၉၅၀ ၂၁၅၈